# E အလုပ်အကိုင်နှင့် အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်၊ သင်တန်း

E အလုပ်အကိုင်နှင့် အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်၊ သင်တန်း ထိပ်သို့

## 1 အလုပ်အကိုင် ရှာဖွေခြင်း

### (4) အလုပ်အကိုင် နှင့် ပတ်သက်သော ဥပဒေ

သင်သည် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်သည့်အခါ မည့်သည့်နိုင်ငံသားပင်ဖြစ်နေပါစေ အောက်ပါ အလုပ်အကိုင်နှင့် ပတ်သက်သော ဥပဒေပြဌာန်းချက်များ၏ အကျိုးသက်ရောက်မှုကို ခံစားနိုင်သည်။

**အလုပ်အကိုင် တည်ငြိမ်ရေးဆိုင်ရာ ဥပဒေ**

သင့်လျော်သည့်အလုပ်အကိုင် တိုက်တွန်း၊ ရှာဖွေပေးသည့်အခါ မည့်သည့်နိုင်ငံသားမဆို ခွဲခြားဆက်ဆံမှုမရှိစေရန် ဥပဒေပြဌာန်းထားသည်။ သို့သော် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ အလုပ်အကိုင် ရှာဖွေမိတ်ဆက်ခြင်းများအား တားမြစ်ထားသည်။

**အလုပ်အကိုင် စံချိန်စံညွှန်းဆိုင်ရာ ဥပဒေ**

အလုပ်သမား သဘောတူညီချက်၊ လုပ်ခ (လစာ)၊ အလုပ်လုပ်ချိန်၊ နားချိန်၊ နားရက် ထို့အပြင် နှစ်စဉ် လစာပြည့်ခွင့် စသည့် အလုပ်အကိုင် အခြေအနေ၏ အနိမ့်ဆုံး စံချိန်စံညွှန်းကို ပြဌာန်းထားသည်။ နိုင်ငံသား၊ ဘာသာ၊ အဆင့်အတန်းကို အကြောင်းပြု၍ လုပ်ခနှင့် အလုပ်ချိန်စသည့် အလုပ်အကိုင်အခြေအနေနှင့် ပတ်သက်သည့် ခွဲခြားဆက်ဆံမှု မရှိစေရန် ပြဌာန်းထားသည်။

**အမျိုးသား၊အမျိုးသမီး အလုပ်အကိုင် အခွင့်အရေး တန်းတူညီမျှမှုဆိုင်ရာ ဥပဒေ**

အလုပ်ခေါ်ခြင်း၊ အလုပ်ခန့်ခြင်း၊ အလုပ်နေရာချထားခြင်း၊ ရာထူးတက်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ လူမှုဖူလုံရေးနှင့်ကျန်းမာရေး၊ သက်ပြည့်ပင်စင်၊ အလုပ်ထွက်ခြင်း၊ အလုပ်ထုတ်ခံရခြင်းနှင့် ပတ်သက်၍ အလုပ်သမား၏ ကျား၊မခွဲခြားမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို တားမြစ်ထားသည်။

**အခြားဥပဒေများ**

အနိမ့်ဆုံးလုပ်ခလစာ ဥပဒေ၊ လုပ်ငန်းခွင် လုံခြုံရေးနှင့် ကျန်းမာရေး ဥပဒေ၊ အလုပ်သမား ထိခိုက်ဒဏ်ရာ လျော်ကြေးအာမခံ ဥပဒေ၊ ကလေးပြုစုပျိုးထောင်ရန်နှင့် သက်ကြီးပြုစုစောင့်ရှောက်ရန် အလုပ်နားခြင်းဆိုင်ရာ ဥပဒေ၊ အချိန်ပိုင်း အလုပ်သမားဆိုင်ရာ ဥပဒေ စသည်တို့သည်လည်း နိုင်ငံခြားသား အလုပ်သမားများကိုလည်း အကျိုးသက်ရောက်မှုရှိသည်။